ကုန်းသာ ကျေးရွာ

ပင်းတယမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကုန်းသာ ကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ လ

မာတိကာ

မာတိကာ ၁
အတိုကောက်စကားလုံးများ ၄
စကားချီး ၅
ဒရယ်အင်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ပင်းတယမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် **၈**

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်း
ဇယား ၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉

ကိုးကားစာရင်း ၇၄

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲ ထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများ ကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း အချက် အလက်များ နှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်း ဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲ များနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ


ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထား ပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

စက်တင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကုန်းသာ ကျေးရွာ
ပင်းတယမြို့နယ်

ကုန်းသာ ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပင်းတယမြို့နယ်


ကျောင်းအဆောက်အဦး သယ်ဇာတအသုံးပြုပုံ
မြောက်
အနောက်
အရှေ့
တောင်
ကျောင်းအဆောက်အဦး
အာသင်အဆောင်
အိပ်ခန်း
ခြံစည်းရိုး
ရေကန်
တံတား

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း
ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာ လူကိုယ်တိုင် တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်း အချက်အလက်များ ပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန် နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များက ိုးရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာ များနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့
ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကိုစုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏

စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေြြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်း ဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာဦးစားပေး စီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင်ရှင်းလင်းမှု ရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့်

အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှု ပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် တောင်ပေါ်ဒေသတွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးဆိုက်ရာ ပင်းတယမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ တောင်ယာစိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။ ဒေသ၏မိုးရေချိန်ပျမ်းမျှ မိုးရေချိန်လက်မ ၈၀ မှ ၁၀၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေး လုပ်ငန်းများအတွက် အသင့်အတင့်အထောက်အကူပြုသည်။ တောင်ယာမြေတွင် ကောက်ပဲသီးနှံများမှာ လက်ဖက်၊ ပန်းမုံလာ၊ မုံလာ၊ အာလူး၊ ဂျုံ၊ တောင်ယာစပါးနှင့် မုန်လာနှမ်း တို့ စိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်းရန်တို့အတွက် အဓိကအားထားရာဖြစ်သည်။ ၂၀၁၆ ခု ဧပြီလ တွင် ပင်းတယမြို့ရှိကျေးရွာအတော်များများတွင် မိုးသီးကျမှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ခံစားခဲ့ရသည်။

(ခ) သဘာဝအရင်းအမြစ်

စိုက်ပျိုးရန်မြေနေရာ အသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ တောင်ယာစိုက်ပျိုးခြင်းများ လုပ်ကိုင် သည့်အတွက် ရေသွင်းစိုက်ပျိုးခြင်းများ နည်းပါးသည်။ အဓိကစိုက်ပျိုးသီးနှံမှာ လက်ဖက်၊ ပန်းမုံလာ၊ မုံလာ၊ အာလူး၊ ဂျုံ၊ တောင်ယာစပါးနှင့် မုန်လာနှမ်း တို့ ဖြစ်ကြသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၁၂၈)စုနှင့် ကျား(၂၈၆)၊ မ(၃၃၆)ဦးဖြင့် လူဦးရေပေါင်း(၆၂၂)ဦးရှိကာ တစ်အိမ်ထောင်လျှင် မျှမ်းမျှ (၄.၈၅)နှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦး ထက်လျော့နည်းသည်။ ကျေးရွာတွင် ဓနလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏ (၇၇)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားတိုးတက် အောင်စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိပြီး အမျိုးသမီးမှာ အမျိုးသားဦးရေထက် သည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် တောင်ယာစိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၂၂) မှာ အလယ်အလတ်အဆင့်ရှိကြ၍ (၄)မှာ ချမ်းသာသည့်အဆင့်၊ (၂၂)မှာ ဆင်းရဲသည့်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် တောင်ယာပိုင်ဆိုင်မှု အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်သည်။ ငွေချေးသော အိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေးအသင့်အတင့်အဆင်ပြေသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအနည်းငယ်ရှိသော်လည်း ရာသီအလိုက် တောင်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း လက်လီတနိုင်တပိုင်စိုက်ပျိုးရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင် ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၁၀% ဖြစ်သော (၁၁)စုကို လေ့လာဆန်းစစ် မှုအရ ယင်းတို့၏ (၂%)မှာ သူတစ်ပါးထံမှ ချေးငှားပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း၊ ကျန်(၉%)မှာ သူတစ်ပါးထံမှ ချေးငှားစရာမလိုဘဲ စားသုံးနိုင်ကြောင်းတွေ့ရှိရသည်။ အကြွေးတင်မှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၂ သိန်းမှ ၅ သိန်းထိ တင်ရှိနေကြသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အစားအစာ ပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ အမျိုးသမီးလူငယ်လူရွယ်၊ အသက်ကြီးပိုင်း တို့သည်လည်း တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာသားများ အနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာနှင့်၂ မိုင် ခွဲကွာဝေးသော ပွေးလှတိုက်နယ်ဆေးရုံသို့ လည်း လက်လှမ်းမီသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရသည်။ ရွာသားအများစု သည်အခြေခံ အရေး၊ အဖတ်၊ ဂဏန်းတွက် တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်များပြား သည်။ ကျေးရွာတွင် အခြေခံမူလတန်းကျောင်းရှိပါသည်။ သို့သော် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု များမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးဆဲဖြစ်သည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ် ထားကြသည်။ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုများနှင့် ခွဲခြားဆက်ဆံ ခြင်းကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး များသည် သာမန်အားဖြင့် ပညာရေးနှင့်အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်သည်။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအတွက်သည် ယောကျ်ားလေးအရေအတွက်နှင့် အတူတူပင်ဖြစ်သည်။ အလယ်တန်းများတွင် မရေအတွက်မှာ ကျားအရေအတွက်ထက် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။

သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများကပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့ပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် မူ အမျိုးသမီးပါဝင်မှု မရှိ အလွန်အားနည်းကြောင်း တွေ့ရှိရသည်။ ကျား-မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၄။ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် စိတ်တူကိုယ်တူ၊ သမအဖွဲ့အစည်းနှင့် အဖြူရောင်ပန်းပျိုးလက် အဖွဲ့တို့ရှိသည်။ ယင်းအဖွဲ့အနက် မြို့နယ်မှဖွဲ့စည်းပေးထားသော လူမှုရေး ဆိုင်ရာအဖွဲ့ဖြစ်သည် အမျိုးသမီးရေးရာအဖွဲ့မှာ လှုပ်ရှားဆောင်ရွက်မှုအားနည်းသည်။ မြန်မာ့ အသေးစားချေးငွေအဖွဲ့ကို ပြင်ပမှဖွဲ့စည်းပေးထားပြီး အသေးစားချေးငွေစုငွေချေးလုပ်ငန်းကို လည်ပတ် ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာရှိ အ ဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက် ဆောင်ရွက်မှု အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းရရှိပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန် လာနိုင်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် တောင်ယာလုပ်ငန်းကို အဓိကထားစိုက်ပျိုးကြသည်။ လက်ဖက်၊ ပန်းမုံလာ၊ မုံလာ၊ အာလူး၊ ဂျုံ၊ တောင်ယာစပါးနှင့် မုန်လာနှမ်း တို့ စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ

နည်းပညာဝန်ဆောင်မှုများရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်း ကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးကြသည်။ တောင်သူအများစုသည် တောင်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တင်မှုတို့ကို ကျော်လွှားနိုင်ရန် နည်းလမ်းများကို ရှာဖွေဆဲပင်ဖြစ်ပါသည်။ တောင်သူများသည် တစ်ခါတစ်ရံ မိုးရွာသွန်းမှုအညီမျှမှုကို ရင်ဆိုင်ရတတ်သည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ် များ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဈေးရောင်း၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ ဖြစ်ကြသည်။ အခြား လုပ်ငန်းများမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ချေကိုက်မှုအနည်းအပါးမှ အနေအထားတွင် ရှိသည်။ ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကအားထားရသဖြင့် လက်လုပ်လက်စားများမှ အလုပ်အကိုင် နှင့် ဝင်ငွေမှန်ခြင်းကြောင့် တွက်ချေကိုက်မှုရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထို အခြေအနေမှာ ကျေးရွာ၏အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်း သင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော် စသည်တို့သည် သက်မွေး ဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့ နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း သင်တန်းစရိတ် အကုန်အကျခံရန် နှင့် လုပ်ငန်းထူထောင်ရန် မတတ်နိုင်ကြချေ။

(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် တောင်ယာစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှု များပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများ အနေဖြင့် ဘက်စုံဓာတုပိုးသတ်ဆေးအစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ် ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံ များကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက် ပေးသင့်သည်။ ဤကျေးရွာ မှာ မြေပြန့်ဒေသဖြစ်ပြီး အခါအားလျော်စွာကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝအန္တရာယ် တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် သမချေးငွေနှင့် စိတ်တူကိုယ်တူ(ပက်မြန်မာ)အဖွဲ့တွင် ချေးငွေများကို ချေးယူကြသည်။ တစ်ထောင်ကျပ်လျှင် အတိုးနှုန်း ၁၅ ကျပ်ဖြစ်သည်။ အဖွဲ့တွင် ချေးငွေကို (၁၀)လအထိ ချေးယူနိုင်ပြီး စည်းကမ်းပိုင်းတွင် တင်းကြပ်ထားသည်။ ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းအရင်းမျိုးစုံ (ကျန်းမာရေး၊ ပညာရေး)တို့အတွက် ချေးယူကြသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် (၆၀×၃၀)ပေ အကျယ်ရှိ စာသင်ကျောင်းဆောင် ၂ ဆောင်ရှိပြီး မူလတန်းပညာရေးအဆင့်သာရှိပါသည်။ သို့သော် ကျောင်းသားအရေအတွက်များပြားလာခြင်းကြောင့် ကျောင်းဆောင်သစ် (၁ ဆောင်)လိုအပ်လျက်ရှိပါသည်။ ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး မူလတန်းအောင် ရာခိုင်နှုန်းလည်းမြင့်မားသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ ကျေးရွာတွင် လျှပ်စစ်မီး မရရှိသေးပါ။ သောက်သုံးရေအတွက် မိမိကိုယ်ပိုင်အသုံးပြုသော မိုးရေလှောင်ကန်မှသောက်သုံးရပါသည်။ ကျေးရွာနှင့် ၁ မိုင်ခန့်ကွာဝေးသော စံသီးကုန်းကျေးရွာတွင် စံသီးကုန်းရေထွက်ရှိပါသည်။ ချမ်းသာသောအိမ်ထောင်စုများသည် အိမ်သာကျင်းကို အုတ်ဖြင့် ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်းပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားရောဂါ ဖြစ်ပွားမှုနည်းပါးသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိပါ။ သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအက များဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက်မူ မြောင်းတူး၊ လမ်းဖောက်ခြင်း လုပ်ငန်းများတွင် ပူးပေါင်း ပါဝင်မှုများရှိသည်။

(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ရွာချင်းဆက်ကျောက်ချောလမ်းအား ကျေးလက်ဦးစီးဌာနမှ ခင်းပေးခဲ့ပါသည်။ ကျေးရွာရှိ ရွာတွင်းလမ်းမှာ ကျောက်လမ်းပင်ဖြစ်ပြီး ထော်လာဂျီများကို အသုံးပြုမောင်းနင်ကြသည်။ ရေလမ်းခရီးအသုံး ပြုမှုမရှိပါ။ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်၊ ထော်လာဂျီတို့ကို အသုံးပြုလျက်ရှိသည်။ ထမင်းဟင်းချက်ပြုတ်ရန် ထင်းမီးကိုအသုံးပြုရသဖြင့် သစ်တောပြုန်းတီးမှု ဖြစ်ပေါ်လာနိုင်သည်။ ကျေးရွာ တွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြား

သတင်းအချက်အလက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက် မရှိသဖြင့် စာပေမှရသော အသိပညာ ဗဟုသုတများမရှိပေ။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြု နိုင်ကြပြီးလိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူမရှိ သလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်ကို သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင် လျှပ်စစ်မီးမရသေးသည့်အတွက် ထင်းမီးဖြင့် ချက်ပြုတ်ရခြင်းတို့ကြောင့် သစ်တောပြုန်းတီးခြင်း၊ ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန် အထောက်အပံ့မဖြစ်ခြင်းတို့နှင့် ကြုံတွေ့ကြရသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအား လုံး၏ ၇၇% မှာ အလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်ကြ သည်။ ဘွဲ့ရအရေအတွက်အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့်အသက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့လာသင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်ကို တိုးပွားကောင်းမွန်စေပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်စေပြီး ကျန်းမာရေးပံ့ပိုး ပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် ကောင်းသောအဆင့်တွင် ရှိနေပါသည်။

သဘာဝအရင်းအမြစ်များတွင် မြေပြန့်ဒေသဖြစ်၍ မြေဆီမြေဩ အသင့်အတင့်ကောင်းမွန်သည်။ တောင်သူများသည် ဒေသထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်နိုင်သည်။ ကျေးရွာသည် လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီတင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက် အသုံးပြုနိုင်သည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာတွင်းရှိသော မြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။ ထို့ပြင် ပိုးသတ်ဆေး အချို့ကို ခံနိုင်သော ဖျက်ပိုးများလည်း လက်ဖက်၊ ပန်းမုံလာ၊ မုံလာ၊ အာလူး၊ ဂျုံ၊ တောင်ယာစပါး၊ နှင့် မုန်လာနှမ်း ခင်းများတွင် ကျရောက်တတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန် ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ ဒသတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်းတတ်သိပညာ၊ အထိအတွေ့တို့ အားနည်းပါးသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁)ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှ တဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားကို ရရှိစေမည်။

က.၂)ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ ရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကိုရရှိစေမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့် နည်းပညာ အသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို

တိုးချဲ့ ဆောင်ရွက်သွားမည်။အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်း သက်သာစွာဖြင့် ပိုမိုရရှိစေရန် အတွက် မြို့နယ်ရှိ ဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေး၊နည်းပညာများ ထွန်းကာလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများထွန်းကာလာရေးအတွက်စိုက်ပျိုးရေး၊မွေးမြူရေး၊နည်းပညာသင်တန်းများတက်ရောက်နိုင်ရန်အတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများက တဖန် ကျေးရွာရရှိထားသော နည်းပညာများကိုမျှဝေပေးပြီး မိမိတို့ကိုယ်တိုင် ကလည်း ကိုယ်ပိုင်လုပ်ငန်းများ တွင်အသုံးချကာထုတ်လုပ်မှုတိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုး၊ ပန်းထိုး၊ ယိုနှင့်မုန့်လုပ်ငန်း ဆံပင်ညှပ်၊စက်ပြင်၊ မော်တော် ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများတက်ရောက်နိုင်ရန်သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန်စီစဉ်ပေးမည်။ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့်ချိတ်ဆက် ပေးမည်။

ခ.၃)ကျေးရွာ စာသင်ကျောင်း၏ခြံစည်းရိုးကာပြီး မူကြိုကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းတို့မြှင့်လာရေးအတွက် ဆောင်ရွက်မည်။ ကျေးရွာရှိ ကျောင်းသားများသည် လက်ရှိစာသင်ကျောင်းဆောင် ပြည့်နေသည့်အတွက် ကျောင်းဆောင်သစ်(၁ ဆောင်) လိုအပ်လျက်ရှိပါသည်။ ခ.၄) ကျေးရွာတွင် ရွာချင်းဆက်ကျောက်ချောလမ်းရှိပြီး ရွာတွင်းလမ်းမှာ ကျောက်လမ်းသာဖြစ်သည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြုလုပ်ငန်းများကို အကောင် အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်း အားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစု ဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ် ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပံ့မှန်စီစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင် သည့်နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စံချိန်မီစာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း

ကျေးရွာတွင် မူလတန်းပညာရေးအထိသာရှိပါသည်။ သို့သော် ကျောင်းသာဦးရေများပြားလာသည့် အတွက် ကျောင်းဆောင်သစ်(၁)ဆောင် လိုအပ်လျက်ရှိပါသည်။

(ဂ) ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း

ကျေးရွာတွင် ရွာချင်းဆက်လမ်းမှာ ကျောက်ခဲလမ်းဖြစ်ပြီး ရွာတွင်းလမ်းများ ကျောက်လမ်း သာဖြစ်သည်။ ကျေးရွာတွင်းလမ်းများ အဆင့်မြှင့်ပြုပြင်ရန်အတွက် ငွေကြေးထည့်ဝင်ရန် အခက်အခဲရှိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးမှုများနှင့် အတူ ကျေးလက်ဦးစီးဌာနမှ ကျေးရွာလမ်းများအား အဆင့်မြှင့် ပြုပြင်သင့်ပါသည်။ ကျေးရွာချင်းဆက်လမ်းများပိုမိုကောင်းမွန်လာခြင်း ဖြင့်လည်း တစ်ရွာနှင့်တစ်ရွာ ကုန်စည်ကူးသန်းရောင်းဝယ်မှုပိုမိုမြန်ဆန်လာနိုင်ပြီး စီးပွားရေးဖွံ့ဖြိုးမှုအား လွန်စွာအထောက်အကူပြုနိုင်ပေမည်။

(ဃ) စိုက်ပျိုးရေး လယ်ယာသုံးကိရိယာများ စနစ်တကျဌားရမ်းအသုံးပြုနိုင်ရေး

ကုန်းသာကျေးရွာသည် တောင်ယာစိုက်ပျိုးရေး ကောင်းစွာဖြစ်ထွန်းသောကျေးရွာတစ်ရွာဖြစ်ပါသည်။ သို့သော် လုပ်သားရှားပါးမှုနှင့်အတူ ရာသီဥတုဖောက်ပြန်လာမှုတို့ကြောင့် တောင်ယာလုပ်ငန်းအချိန်မီ ပြီးစီးရန် အနည်းငယ်အခက်အခဲကြုံတွေ့ရတတ်ပေသည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့် အတူ သက်ဆိုင်ရာ ဌာနများဖြစ်ကြသော စက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်ဦးစီးဌာနများမှ ပြင်ပလယ်ယာသုံးပစ္စည်း ကိရိယာရောင်းချသော ကုမ္ပဏီများနှင့်ချိတ်ဆက်ပေးသင့်သည်။ ထို့အပြင် အရစ်ကျစနစ်ဖြင့် ရောင်းချမှုများ စျေးနှုန်းသက်သာစွာ ဖြင့် ဌားရမ်းသုံးစွဲနိုင်ရေးများကို လည်း ဆောင်ရွက်ပေးသင့် ပါသည်။

(င) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများ ဖန်တီးပေးရေး

မြေခြားကျေးရွာသည် ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝတိုးတက်ရာ အာမခံချက်ပေးနိုင်သော လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး ဂိမ်းကစားခြင်းများတွင် အချိန်ကုန်နေတတ်ပါသည်။ ထိုနည်းတူ စွာပင် လက်လုပ်လက်စားကျပန်းများမှာလည်း လုပ်ငန်းအတည်တကျမရှိဘဲ ရာသီပေါ်သီးနှံများပေါ်တွင် သာ ကျပန်းအဖြစ်လုပ်ကိုင်စားသောက်နေကြရသည်။ ထိုသူများအတွက် သင့်တော်သော အသက်မွေးဝမ်းကျောင်း ဆိုင်ရာ အတတ်ပညာများရရှိအောင် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့များနှင့် ချိတ်ဆက်ပြီး ကူညီဆောင်ရွက်သင့်ပါသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထား နားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်ဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျွန်တော်တို့ရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဦးစားပေးစီမံကိန်း အချို့ကို ရှေ့ပိုင်းနှစ်များတွင် ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေး စီမံကိန်းအသစ်များပေါ်လာပါမည်။ ပုံမှန်အားဖြင့် စနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည် သဘာဝဘေးအန္တရာယ် ဆိုးဆိုးဝါးဝါး မကျပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ဘဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ ကို နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအား ဖြင့် အစဉ်သဖြင့် ငါးနှစ်တာ စီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း၊ စီမံကိန်း စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း(ဦးစားပေးဆောင်ရွက် ခြင်း)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ

ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားခြင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ဝန်ကြီးဌာနများ၊ ဦးစီးဌာနများကယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားခြင်းစာနာမှုဆိုင်ရာအထောက်အပံ့ တို့ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိနိုင်ရန် လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဦးစားပေးစိမ်ချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စိမ်ချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
ရုပ်မိရုပ်ဖအုပ်စု၊ ကလေးပညာရေးဖွံ့ဖြိုးရေး					
	၁။ မူကြိုကျောင်း တံခါင်းမကြီး(၂×၄'×၆') တံခါးရွက်(၄×၃'×၄')	၄၂	၆	- အဆောက်အဦဆောက်လုပ်ပြီး ဖြစ်သော်လည်းကျောင်းမဖွင့်နိုင်၊	ကျေးလက်ဦးစီး
သောက်သုံးရေလုံလောက်စွာရရှိရေး					
	၂။ ရေကန်နှုံးဆယ်ပြုပြင်ခြင်း	၄၇	၃		
	၃။ သုံးရေချိုးရေကန်ဘောင်ကျောက်စီခြင်း	၄၅	၄	- နှုန်းတင်၍ ရေခန်းခြောက်မှုများရှိခြင်း	
လမ်းပန်းဆက်သွယ်ရေး၊ လမ်းကောင်းမွန်လာစေရေး					
	၄။ရေကျော်တံတား(၆)စင်းတည်ဆောက်ခြင်း (၁၁'×၃'×၄')	၅၀ ၃၈	၁ ၈	- လမ်းရေတိုက်စားပြီး လမ်းပေါ်ရေကျော်နေခြင်း	
	၅။ ကုန်းသာပဲရင်းတောင်လမ်းကျောက်ချောခင်းခြင်း (၃/၄)မိုင်			- အာလူးများ စိုက်ပျိုးခြံများသို့ သွားလာရခက်ခဲခြင်း	
လျှပ်စစ်ဓာတ်အားသုံးစွဲရေး၊ လျှပ်စစ်မီးရရှိရေး					

၆။ လျှပ်စစ်မီးရရှိရန် ၂ မိုင်	၄၈	၂	-	မြို့နယ်ဌာနဆိုင်ရာများနှင့်ချိတ်ဆက်၍ တင်ပြခြင်း
မွေးမြူရေးကဏ္ဍ/ဈေးကွက်နှင့်နည်းပညာသင်တန်း				
၇။ ဝက်မျိုးကောင်းမျိုးသန့်	၄၃	၅	-	ဝက်မွေးချင်သော်လည်းငွေမရှိခြင်းကြောင့် ချေးငှားဝယ်ရခြင်း၊
စိုက်/မွေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ၊ သင်တန်းများ၊ စီးပွားရေးလုပ်ငန်းများနှင့်ချိတ်ဆက်ခြင်း				
၈။ အရင်းအနှီး (စိုက်/မွေး)	၄၀	၇	-	အာလူးစိုက်ရာတွင် အရင်းအနှီးမရှိခြင်း၊

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁။ ရေကျော်တံတား(၆)စင်းတည်ဆောက်ခြင်း (၁၁'×၃'×၄')	၁	——	——			
၂။ လျှပ်စစ်မီးရရှိရန် (၂)မိုင်	၂	——	——	——		
၃။ ရေကန်နှုံးဆယ်ပြုပြင်ခြင်း (၁၂၀'×၉၀'×၆')	၃		——	——		
၄။ သုံးရေ၊ ချိုးရေကန်ဘောင်ကျောက်စီခြင်း (၁၀၀'×၁၀၀'×၈')	၄		——	——	——	
၅။ ဝက်မျိုးကောင်းမျိုးသန့်	၅			——	——	
၆။ မူကြိုကျောင်း တံခါးမကြီး(၂×၄'×၆') တံခါးရွက်(၄×၃'×၄')	၆			——	——	
၇။ အရင်းအနှီး(စိုက်/မွေး)	၇			——	——	——
၈။ ကုန်းသာ-ပဲရင်းတောင်လမ်း ကျောက်ချောခင်းခြင်း	၈				——	——

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ် ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော

ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန် အသုံး စရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု
				ငွေလုံး ငွေရင်းအ သုံးစရိတ်	စွမ်းဆောင် ရည်မြှင့် တင်ရေး	
၁	ရေကျော်တံတား(ဖ)စင်းတည်ဆောက်ခြင်း (၁၁'×၃'×၄')			✔		
၂	လျှပ်စစ်မီးရရှိရန် (၂)မိုင်			✔		
၃	ရေကန်နှုံးဆယ်ပြုပြင်ခြင်း (၁၂၀'×၉၀'×၆')		✔			
၄	သုံးရေ၊ ချိုးရေကန်ဘောင်ကျောက်စီခြင်း (၁၀၀'×၁၀၀'×၈')		✔			
၅	ဝက်မျိုးကောင်းမျိုးသန့်					✔
၆	မူကြိုကျောင်း တံခါးမကြီး(၂×၄'×၆') တံခါးရွက်(၄×၃'×၄')		✔			

၇	အရင်းအနှီး (စိုက်/မွေး)			✔		
၈	ကုန်းသာ-ပဲရင်းတောင်လမ်း ကျောက်ချောခင်းခြင်း		✔			

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုကဦးဆောင် အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များကို ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင် အထည်ဖော်ရန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ- မိဘဆရာ အသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ရှိသလို လယ်လုပ်သားများသည်လည်း ကျေးရွာ၏လယ်ယာလုပ်ငန်းများ ကုန်ထုတ်လုပ်ငန်းများ တိုးတက်ကောင်းမွန် လာစေရန် တာဝန်ယူဆောင်ရွက်ရမှာဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန် လိုပါသည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူရန် ဆောင်ရွက်ရန်ဖြစ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်း အမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့်

ကိစ္စများကိုလည်းတွေ့ရပါမည်။ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှု မှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှု ပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင်
ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ဤကိစ္စမျိုးတွင်
ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက်အဖွဲ့အစည်းဆိုင်ရာ အစီအစဉ် များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိရမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် မသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် လမ်းအသုံးပြုလျှင် လမ်းကြေးကောက်ခံရမည်။ အသုံးပြုသူထံမှ လမ်းကြေး၊ တံတားကြေးတို့ကိုလည်း စည်းကမ်း သတ်မှတ်ရမည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအား တာဝန် အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ရပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်ရာတွင်တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့် အတိုင်းကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများတက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက် ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့ကမိမိတို့ တာဝန်ကျရာကဏ္ဍအလိုက်စစ်ဆေး သုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များ——ပေါ်မူတည်၍တိုးတက်မှုကို တိုင်းတာသည့်အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ(monitoring report)ကို ရွာလူထု အစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊

- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထားဖော်ပြပါမည်။၄င်း စီရင်ခံ စာတွင် အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှာ မယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရပါမည်။ကျေးရွာသူ/သားများပြုပြင် ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကိုဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ရည်ရွယ်ချက်မှာ ကျွန်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

နောက်ဆက်တွဲ ၂

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ

အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ	**ရှင်းလင်းဖော်ပြချက်**
• သဘာဝအရင်းအမြစ်များ	စိုက်ပျိုးရန်မြေနေရာ အသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။ တောင်ယာစိုက်ပျိုးခြင်းများ လုပ်ကိုင် သည့်အတွက် ရေသွင်းစိုက်ပျိုးခြင်းများ နည်းပါးသည်။ အဓိကစိုက်ပျိုးသီးနှံမှာ လက်ဖက်၊ ပန်းမုံလာ၊ မုံလာ၊ အာလူး၊ ဂျုံ၊ တောင်ယာစပါးနှင့် မုန်လာနှမ်း တို့ ဖြစ်ကြသည်။
• နေရာတည်ရှိမှုနှင့် ပထဝီဆိုင်ရာ အားသာချက်	ကျေးရွာသည် တောင်ပေါ်ဒေသတွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးဆိုက်ရာ ပင်းတယမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ တောင်ယာစိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။ ဒေသ၏မိုးရေချိန်ပျမ်းမျှ မိုးရေချိန်လက်မ ၈၀ မှ ၁၀၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေး လုပ်ငန်းများအတွက် အသင့်အတင့်အထောက်အကူပြုသည်။ တောင်ယာမြေတွင် ကောက်ပဲသီးနှံများမှာ လက်ဖက်၊ ပန်းမုံလာ၊ မုံလာ၊ အာလူး၊ ဂျုံ၊ တောင်ယာစပါးနှင့် မုန်လာနှမ်း တို့ စိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်းရန်တို့အတွက် အဓိကအားထားရာဖြစ်သည်။ ၂၀၁၆ ခု ဧပြီလ တွင် ပင်းတယမြို့ရှိကျေးရွာအတော်များများတွင် မိုးသီးကျမှုကြောင့်

အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ	ရှင်းလင်းဖော်ပြချက်
	ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ခံစားခဲ့ရသည်။
• ရပ်ရွာတည်ငြိမ်အေးချမ်းမှု	ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီးလိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူမရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ်ကို သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးသည်။
• ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျေးရွာမှ တောင်သူများသည် သမဝါယမနှင့် စိတ်တူကိုယ်တူ(ပက်မြန်မာ)အဖွဲ့တွင် ချေးငွေများကို ချေးယူကြသည်။ တစ်ထောင်ကျပ်လျှင် အတိုးနှုန်း ၁၅ ကျပ်ဖြစ်သည်။ အဖွဲ့တွင် ချေးငွေကို (၁၀)လအထိ ချေးယူနိုင်ပြီး စည်းကမ်းပိုင်းတွင် တင်းကြပ်ထားသည်။ ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းအရင်းမျိုးစုံ (ကျန်းမာရေး၊ ပညာရေး)တို့အတွက် ချေးယူကြသည်။
• ဆက်သွယ်ရေး	ကျေးရွာ တွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။
• ကျန်းမာရေးအဆောက်အအုံနှင့် ဝန်ဆောင်မှုများ	ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။
• ကျေးရွာလျှပ်စစ်မီး	ကျေးရွာတွင် လျှပ်စစ်မီးသုံးစွဲမှု၌ ဆိုလာစနစ်ကို ကျေးရွာရှိ အိမ်ထောင်စုအား လုံး အသုံးပြုလျက် ရှိသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှု များ

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
• ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု	ကျေးရွာတွင် စိတ်တူကိုယ်တူ၊ သမအဖွဲ့အစည်းနှင့် အဖြူရောင်ပန်းပျိုးလက် အဖွဲ့တို့ရှိသည်။ ယင်းအဖွဲ့အနက် မြို့နယ်မှဖွဲ့စည်းပေးထားသော လူမှုရေး ဆိုင်ရာအဖွဲ့ဖြစ်သည် အမျိုးသမီးရေးရာအဖွဲ့မှာ လှုပ်ရှားဆောင်ရွက်မှုအားနည်းသည်။ မြန်မာ့ အသေးစားချေးငွေအဖွဲ့ကို ပြင်ပမှဖွဲ့စည်းပေးထားပြီး အသေးစားချေးငွေစုငွေချေးလုပ်ငန်းကို လည်ပတ် ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာရှိ အ ဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက် ဆောင်ရွက်မှု အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းရရှိပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန် လာနိုင်ပါသည်။
• သဘာဝအရင်းအမြစ်ထုတ်ယူသုံး စွဲမှု ကန့်သတ်ချက်များ	ကျေးရွာတွင် တောင်ယာစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှု များပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများ အနေဖြင့် ဘက်စုံဓာတုပိုးသတ်ဆေးအစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ် ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံ များကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက် ပေးသင့်သည်။ ဤကျေးရွာ မှာ မြေပြန့်ဒေသဖြစ်ပြီး အခါအားလျော်စွာကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝအန္တရာယ် တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။
• ကျန်းမာရေးဝန်ဆောင်မှု	ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အစားအစာ ပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။

အဟန့်အတားများ၊ စိန်ခေါ်မှုများ	ရှင်းလင်းဖော်ပြချက်
	အမျိုးသမီးလူငယ်လူရွယ်၊ အသက်ကြီးပိုင်း တို့သည်လည်း တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာနှင့်၂ မိုင် ခွဲကွာဝေးသော ပွေးလှတိုက်နယ်ဆေးရုံသို့လည်း လက်လှမ်းမီသည်။

ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**ပညာရေး**					
	• အဆောက်အဦဆောက်လုပ်ပြီး ဖြစ်သော်လည်း ကျောင်းမဖွင့်နိုင်	• မူကြိုကျောင်းတံခါးမရှိခြင်း	• ကျောင်းဆောက်လုပ်ပြီး	•	• ကျေးလက်ရုံးသို့ ဆက်သွယ်တင်ပြမည် • မြို့နယ်ကျေးလက်ရုံး သို့ တင်ပြမည် • မြို့နယ်ကျေးလက်ရုံး သို့ တင်ပြမည်	• မူကြိုကျောင်းတံခါးမကြီး (၂×၄'×၆') တံခါးရွက် (၄×၄'×၃')
၂	**ရေ**					
	• ကွဲနွာများသောက် သုံးရန် ရေမရှိ	• ရေကန်နှုံးထူ၍ ရေမရှိ • ရေကန်ပြုကျနှုံးတင်	• အသုံးပြုနေရသူ(၇)ရွာရှိသည်။	•	• မြို့နယ်ကျေးလက်ရုံး သို့ တင်ပြမည်	• ရေကန်နှုံးဆယ်ပြုပြင်ခြင်း (၁၂၀'×၉၀'×၆') • သုံးရေချိုးရေကန်ဘောင်

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	• နှုံးတင်၍ ရေခန်း ေခြာက်မှုများရှိ					ကျောက်စီခြင်း (၁၀၀'×၁၀၀'×၈')
၃	**လမ်းပန်းဆက်သွယ်ရေး**					
	• သွားလာရခက်ခဲ • ရွာတွင်းလမ်းပေါ်တွင် ရေကျော်နေသောကြောင့် သာရေးနာရေး သွားလာရခက်ခဲ • အာလူးများစိုက်ပျိုး ခြံသို့သွားလာရခက်ခဲ • သီးနှံထွက်ချိန်တွင် လမ်းမကောင်းေကာင့် အချိန်မီ လုံလောက်အောင် မတင်ပို့နိုင်ခြင်း၊	• လမ်းရေတိုက်စားမှုများပြီး လမ်းပေါ် ရေကျော် • မြေသားလမ်း	•	•	- ကျေးလက်ရုံးသို့ ဆက်သွယ်တင်ပြမည် - မြို့နယ်ကျေးလက် ဦးစီးဌာနနှင့် ချိတ်ဆက်ရန်	- ရေကျော်တံတားတည်ဆောက် ခြင်း (၆)စင်း (၁၁'×၃'×၄') - ကုန်းသာ-ပဲရင်းတောင်လမ်း ကျောင်ချောခင်းခြင်း (၃/၄)မိုင်
၄	**လျှပ်စစ်မီး**					

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	• ကျောင်းသားများ စာကြည့်ချိန်မလုံလောက် • မိုးရာသီတွင် မီးအားနည်း၍ အဆင်မပြေခြင်း	• လက်ရှိဆိုလာအသုံး ပြုနေရ	•	•	ကျေးရွာမီးလင်းရေးကော်မတီအဖွဲ့နှင့် ကျေးလက်ဌာနနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း၊	လျှပ်စစ်မီးရရှိရန် ၂ မိုင်
၅	**စိုက်ပျိုးရေး**					
	• လုံလောက်အောင် စိုက်ချင်သော်လည်း မစိုက်နိုင်ခြင်း၊ • ဝင်ငွေနည်းပါးခြင်း	• အာလူးစိုက်ရာတွင် အရင်းအနှီး မရှိခြင်း	တိုးချဲ့ရန် မြေနေရာမရှိ	•	- သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်၍ အတိုးနှုန်းသက်သာသော ချေးငွေရရှိအောင် ဆောင်ရွက်မည်	- အရင်းအနှီး
၆	**မွေးမြူရေး**					
	• မွေးချင်သော်လည်း ငွေမရှိ၍ ချေးငှား၍ ဝယ်ရခြင်း၊	• ဝက်မျိုးကောင်းမျိုးသန့်မရှိ • အရင်းအနှီးမလုံေောက်	•	•	- တိရစ္ဆာန်ရောဂါကာကွယ်ကုသရေး အတွက် အလေးထားစိတ်တိုးတက်အောင် ဆောင်ရွက်ခြင်း၊ - မွေးကွဲးစီးဌာနနှ	- ဝက်မျိုးကောင်းမျိုးသန့် - အရင်းအနှီး

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်း လမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
					င့် ချိတ်ဆက်၍ ဝန် ဆောင်မှုပြည့်ဝစွာ ရရှိအောင် ဆောင် ရွက်ခြင်း၊ - မျိုးကောင်းမျိုးသ နှ့် များရရှိရန် မြို့နယ် မွေးကဉီးစီးဌာန လုပ်ငန်းရှင်များနှ ့် ချိတ်ဆက်ဆောင် ရွက်ပေးခြင်း၊	

ကိုးကားစာရင်း

၁။စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက် ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊၂၀၁၈၊ စက်တင်ဘာ။

၂။ ၂၀၁၆ ခု စက်တင်ဘာ လ ကုန်းသာကျေးရွာတွင် ကျင်းပခဲ့သောကျေးရွာအခြေအနေကို ရွာသူရွာသား များကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှမှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊